လုံဟေးကျေးရွာ

ဟိုပုံးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လုံဟေးကျေးရွာ၊ ဟိုပုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး	
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


လုံဟေးကျေးရွာ၊ ဟိုပုံးမြို့နယ်

လုံဟေားကျေးရွာအုပ်စု၊လုံဟေားကျေးရွာသယံဇာတပြမြေပုံ



လုံဟေးကျေးရွာအုပ်စု၊လုံဟေးကျေးရွာသယံဇာတပြမြေပုံ

ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လုံဟေးကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၏ လုံဟေးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ဟိုပုံးမြို့၏တောင်ဘက် (၁၆)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏ အနောက်ဘက်တွင် ဘုရားဖြူကျေးရွာ၊ အရှေ့ဘက်တွင် ငိုချီးကျေးရွာ၊တောင်ဘက်တွင် ခိုလိုင်ကျေးရွာနှင့် မြောက်ဘက်တွင် ထမ့်ဘုရားကျေးရွာတို့ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လုံဟေးကျေးရွာ၏ရာသီဥတုမှာ ဆောင်းတွင်းတွင် အေးမြစိုစွတ်ပြီး နွေရာသီနှင့် မိုးရာသီတွင်လည်း တောင်တန်းများဝန်းရံထားသောကြောင့် အေးမြသောရာသီဥတု ဖြစ်ပါသည်။ ယာမြေ၊တောင်ယာမြေနှင့်ဥယျာဉ်ခြံမြေတို့တွင် သီးနှံများစိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည် အသွေးကောင်းမွန်မှု အားနည်းပါသည်။ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်း အမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။သစ်တောများ ပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါ ရှားပါးနေပြီဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

လုံဟေးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၇၅)စုရှိပြီးကျား(၄၁၁)၊မ(၄၀၈)ဦးဖြင့် လူဦးရေပေါင်း(၈၁၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှုန်းအောက် အနည်းငယ်လျော့နည်းသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုးများ အများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာ လူဦးရေ၏(၇၆.၄%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ် လုပ်ကိုင်နိုင်သောအရွယ်သည် မိုခိုသူဦးရေထက် ပို၍များပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

လုံဟေးကျေးရွာတွင် အဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းအားလုံး သည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့

ချိတ်ဆက်၍ ကျေးရွာ၏လုပ်ငန်းများတွင် တက်ညီလက်ညီပူးပေါင်းပါဝင်လုပ် ဆောင်ကြသည်။ ယင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားဆောင်ရွက်မှု အသင့်အတင့်ရှိသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းကော်မတီအဖွဲ့မှ ကျေးရွာမူလတန်းကျောင်း၏ ဖွံဖြိုးရေးကို တက်ညီလက်ညီကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

လုံဟေးကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ကျေးရွာရှိ တောင်သူများသည် သနပ်ဖက်ကိုအဓိကထား စိုက်ပျိုးကြသည်။အခြားသီးနှံများအနေဖြင့် နန္နင်း၊ဌက်ပျော၊ပြောင်း၊ထောပတ်၊ပဲစင်းငုံ နှင့် ကော်ဖီများကိုလည်း စိုက်ပျိုးကြပါသည်။ အိမ်ဆိုင်လုပ်ကိုင်သူ(၆)အိမ်ရှိပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်/တောင်ယာစသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုအချို့မှာ ကျဘမ်းလုပ်ကိုင်အသက်မွေးကြပါသည်။ပန်းရံ၊လက်သမားလုပ်ငန်း လုပ်ကိုင်သူ(၉)အိမ်ရှိပါသည်။

ကျေးရွာတွင် မိမိတို့စိုက်ပျိုးရန် တတ်နိုင်သောဧကအထိ သနပ်ဖက်ကို အဓိကထား စိုက်ပျိုးကြပါသည်။ကျေးရွာရှိအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု(၁၆)စုသာ မြေယာမဲ့ဖြစ်ပါသည်။အစိုးရဌာနများနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချပေးသောချေးငွေရှိသော်လည်း အရင်းအနှီးမလုံလောက်သောကြောင့် မြေယာပိုင်ဆိုင်သလောက် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သုံးစွဲနိုင်သည့် အိမ်ထောင်စု(၄)စုသာ ရှိပြီး အများစုမှာ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုကြပါသည်။ကျေးရွာတွင် နွားအနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကိုအနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓာတ်မြေဩဇာများကို အများဆုံး အသုံးပြုကြပါသည်။ဓာတ်မြေဩဇာများကို နမ့်ခုတ်စျေးနှင့်ဟိုပုံးမြို့မစျေးတွင် အလွယ်တကူဝယ်ယူရရှိပါသည်။ထုတ်ကုန်များကိုလည်း နမ့်ခုတ်နှင့် ဟိုပုံးမြို့တွင် ရောင်းချနိုင်သည်။ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီးမပြည့်စုံမှုနှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး

ငွေကြေးအရင်းအနှီးအတွက် သီးနှံပွဲစားများထံမှ အတိုးငွေဖြင့် ငွေကြေးအရင်းအနှီးများကို ဌားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လုံဟေးကျေးရွာတွင် နွား၊ကျွဲ၊ကြက်စသည့်တိရစ္ဆာန်တို့ကို တပိုင်တနိုင်သာ မွေးမြူကြပါသည်။စားကျက်မြေသီးသန့်မရှိပါ။ပြောင်းသီးနှံများကို စိုက်ပျိုးကြသော်လည်း တိရစ္ဆာန်အစာအနေဖြင့် အသုံးပြုမှုနည်းပါးပါသည်။စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပါ။မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများနှင့်စားကျက်မြေရှားပါးမှုများသည် အဓိကအခက်အခဲဖြစ်ပါသည်။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းပါသည်။

နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန် ချေးငွေနှင့်နည်းပညာကို အလွယ်တကူ မရရှိနိုင်ချေ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လုံဟေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ကျေးရွာအိမ်တွင် ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် အိမ်ဆိုင်များတွင် စားသောက်ကုန်နှင့်လူသုံးကုန်များ ရောင်းချကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ချေကိုက်မှုမှာ အသင့်အတင့်အနေအထားတွင် ရှိသည်။လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ် ဖြစ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုအနေဖြင့် အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရရှိသော်လည်း ပွဲစားများထံမှ ချေးပေးသည့် ချေးငွေကို ချေးယူလည်း ထပ်မံချေးယူသုံးစွဲကြရပါသည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းနီးပါးရှိပြီး (၃)အိမ်မှာဆိုင်ကယ်မရှိဘဲ အဆင်ပြေသောအိမ်(၁)အိမ်တွင်ကား(၁)စီးရှိပါသည်။ကျေးရွာတွင် အသုံးပြုသောလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး အချို့သောလမ်းများသည် ကျောက်ကြမ်းလမ်းများဖြစ်ပါသည်။ ကိုယ်ထူကိုယ်ထဖြင့် ပြုပြင်ထားသော မြေသားလမ်းများမှာ ပျက်စီးနေပြီး ကျေးရွာချင်း ဆက်လမ်းများမှာလည်း ကျောက်ကြမ်းလမ်းများဖြစ်ကြပြီး အဆင်မပြေမှုများစွာ ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လုံဟေးကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသည့်အတွက် လျှပ်စစ်မီး မရရှိသေးပါ။ကျေးရွာရှိအိမ်ခြေ(၁၇၅)အိမ်သည် ဆိုလာမီးကိုသာ အဓိကအသုံးပြုကြရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းအသင့်အတင့် ရရှိသောကြောင့် ဆက်သွယ်ရေးနှင့် သတင်းဆိုင်ရာဗဟုသုတအချက်အလက်များလည်း ကြည့်ရှုနိုင်ပြီး အွန်လိုင်းနှင့်သက်ဆိုင်သော အသိပညာဗဟုသုတများရရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

လုံဟေးကျေးရွာတွင် ကျောင်းတက်သည့် လူဦးရေစုစုပေါင်း(၁၄၆)ဦးရှိပြီး တက္ကသိုလ်တက်ရောက်လျက်ရှိသူ (၆)ဦးရှိပါသည်။ကျေးရွာတွင် မူလွန်ကျောင်းသာရှိပြီး ကျောင်းပြီးလျှင် ကျောင်းသား/သူလေးများသည် မိဘလုပ်ကိုင်စားသောက်ရာ အသက်မွေးဝမ်းကြောင်းအမျိုးမျိုးတွင် ကူညီလုပ်ကိုင်ကြရပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် အိမ်ခြေ(၁၇၅)ရှိပြီး အိမ်ခြေ(၁၄၀)မှာ ရေလောင်းအိမ်သာ အသုံးပြုကြပြီး ကျန်အိမ်များမှာ ရေလောင်းအိမ်သာ အသုံးပြုခြင်းမရှိသည့်အတွက် ရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ကျေးရွာတွင် ကျန်းမာရေးဌာနခွဲ ရှိပါသဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပွားမှု နည်းပါးပါသည်။

ကျေးရွာရှိအိမ်ခြေအားလုံးသည် စိမ့်စမ်းရေကိုသာ အဓိကထားသုံးစွဲကြရပါသည်။ စိမ့်စမ်းရေသွယ်ယူထားသော ရေပိုက်များမှာ နှစ်များကြာဟောင်းပြီ ဖြစ်ပါသဖြင့် ပိုက်ပေါက်ခြင်းနှင့်ရေယိုစိမ့်ခြင်း စသည့်အခက်အခဲများရှိပါသည်။အသုံးပြုလျက်ရှိသော စိမ့်စမ်းရေမှာလည်း ရေအရည်အသွေးစစ်ဆေးထားခြင်း မရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ကျေးရွာမှ သတ်မှတ်ထားသော အမှိုက်ကျင်းများတွင်သာ အမှိုက်များအား စနစ်တကျစွန့်ပစ်ကြပါသည်။ ကျေးရွာတွင် ၂၀၁၄ခုနှစ်မှစတင်၍ ဘိန်းအစားထိုးသီးနှံ(ကော်ဖီပင်)များအား စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းလျက်ရှိပါသည်။

၁၀။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုရှိပါသည်။ မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတ အတော်အသင့်ရှိသောကြောင့်တရားဥပဒေနှင့်ပတ်သက်၍ အသိအမြင် အတော်အသင့် ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်းမရှိပါ။ မြို့နှင့်ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှအသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ကုန်ထုတ်လမ်း(၁/၀)မိုင်၊ Box Culvert(၁)စင်း လိုအပ်ခြင်း	၁	√				
၂	လျှပ်စစ်မီးလိုအပ်ခြင်း	၂		√			

၃	နမ့်ခုတ်-လုံဟေး ကတ္တရာလမ်း ထပ်ပိုးလွှာခင်းရန်	၃			√		
၄	ဆရာ/ဆရာမ လိုအပ်ခြင်း	၄				√	
၅	ရေလျှောင်ကန်နှင့်ရေပိုက်လိုအပ်ခြင်း	၅		√			

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– လုံဟေးကျေးရွာ
ကျေးရွာအုပ်စု	– လုံဟေးကျေးရွာအုပ်စု
မြို့နယ်	– ဟိုပုံးမြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	– ကုန်ထုတ်လမ်း(၂၀၈၆ပေ)ဖောက်လုပ်ခြင်းနှင့်Box Culvert(၁)စင်း တည်ဆောက်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

လုံဟေးကျေးရွာတွင် စျေးကွက်ဝင်သီးနှံများဖြစ်သော လိမ္မော်၊ကော်ဖီ၊သနပ်ဖက်နှင့် ထောပတ်စိုက်ပျိုးထားသောခြံများသို့ သွားရန်အသုံးပြုလျက်ရှိသောလမ်းမှာ လူသွားလမ်းသာရှိပြီး သီးနှံများသယ်ယူပို့ဆောင်ရာတွင် ငွေကြေးကုန်ကျမှုနှင့် အချိန်ကုန်သက်သာစေရန်အတွက် ကုန်ထုတ်လမ်းဖောက်လုပ်ရန် လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာသူ/ရွာသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေရန်နှင့် သွားလာရေးအဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပေးခြင်းအားဖြင့် ခြံထွက်သီးနှံများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
ခြံသွားလမ်းအား ကုန်ထုတ်လမ်းပုံစံနှင့်အညီ ပြုပြင်ဖောက်လုပ်ခြင်း – ၂၀၈၆’ x ၁၂’ x ၆” Box Culvert – ၃’ x ၁၈’ x ၃’
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) ကျပ် (၁၀၀) သိန်း • • (ပစ္စည်း/လုပ်အား) ကျပ်သန်း(၄.၀၈)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	၁	၂	၃	၄	**ပေါင်း**
ကျေးရွာအဆင့်	၄၀၈	၄၀၈	၈၁၆	၅	၇၆	၈၃	၅၁	၂၁၅
အကျိုးခံစားမည့်သူဦးရေ	၄၀၈	၄၀၈	၈၁၆	၅	၇၆	၈၃	၅၁	၂၁၅
မှတ်ချက်။ ချောင်လည်အဆင့် – ၁ ၊ အလယ်အလတ်အဆင့် –၂ ၊ ဆင်းရဲ–၃ ၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)** – ကျေးရွာဖွံ့ဖြိုးရေးကော်မတီ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း** – ၃.၂.၂၀၂၃
(၃) **စီမံချက် ပြီးစီးမည့် အချိန်** – ၃၁.၃.၂၀၂၃
(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –** ကျေးရွာမှအဓိကအားဖြင့် လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီး တစ်အိမ်တစ်ယောက်

လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါ ဝင်ပေးရမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာပိုင်ကုန်ထုတ်လမ်းအား ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီ ပြန်လည်ပြင်ဆင်သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

လုံဟေးကျေးရွာအုပ်စု၊ လုံဟေးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ခွန်ထွန်းရီ	၁၃/ဟပန(နိုင်)၀၄၇၈၇၃	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	ခွန်ချစ်နိုင်	၁၃/ဟပန(နိုင်)၀၃၄၀၃၉	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	ခွန်မောင်ပေး	၁၃/ဟပန(နိုင်)၀၆၀၅၁၀	ဝယ်/ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၄။	နန်းရီရီအေး	၁၃/ဟပန(နိုင်)၀၃၁၄၁၈	ဘဏ္ဍာရေးမှူး	
၅။	နန်းဝင်းဝင်းခိုင်	၁၃/ဟပန(နိုင်)၀၂၀၂၈၂	အဖွဲ့ဝင်	
၆။	နန်းနီနီနှင်း	၁၃/ဟပန(နိုင်)၀၂၀၂၈၂	အဖွဲ့ဝင်	
၇။	ခွန်မြအောင်	၁၃/ဟပန(နိုင်)၀၄၄၀၂၈	စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၉	၈	၁၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၇	၂၃	၅၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၁	၄၉	၉၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၁	၃၀၅	၆၂၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၂၂	၃၂		
စုစုပေါင်း		၄၁၁	၄၀၈	၈၁၉		
စုစုပေါင်း အိမ်ထောင်စု		၁၇၅				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် အိမ်ထောင်စု(၁၇၅)စုနှင့် လူဦးရေပေါင်း(၈၁၉)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ ကျေးရွာလူဦးရေ၏(၇၆.၄%)ခန့်ရှိပြီး ကျေးရွာစီးပွား ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၅၉						မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း	၁၆						မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၆						မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လက်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ကုန်စုံဆိုင်၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်လျက်ရှိ ကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀/ ၁၂၀၀၀	၇၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လုံပေါ်းကျေးရွာတွင် တောင်ယာလုပ်ငန်းများ၌ ကျား/မလုပ်အားခနှုန်း ကွာခြားမှုမရှိပါ။(၆၀၀၀)ဝန်းကျင်သာရရှိပြီး ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်းတွင် အမျိုးသမီးများ မလုပ်ကိုင်၍ အမျိုးသားအများဆုံးနေ့စားမှာ (၁၀၀၀၀/၁၂၀၀၀) ကျပ်ဖြစ်ပြီးအနည်းဆုံးနေ့စားမှာ (၇၀၀၀)ကျပ်ရရှိသောကြောင့် လုပ်အားခရရှိနှုန်းမှာ အခြားရွာများ၏ နေ့စားခနှင့်ယှဉ်လျှင် အဆင်ပြေသည့် အခြေအနေကိုတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ/တောင်ယာမြေ	၃၉၂	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ဥယျာဉ်ခြံမြေ	၂၃	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ	၂၀	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၄၃၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်မြေ(၁)ဧက၊ယာမြေ/တောင်ယာမြေ(၃၉၂)ဧက၊ဥယျာဉ်ခြံမြေ (၂၃)ဧက၊ခနိတောမြေ(၂၀)ဧကခန့်နှင့်စုစုပေါင်း (၄၃၆)ဧကသာရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☑	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်မထွက်ရှိပါ။ သစ်တောပြုန်းတီးမှုကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ဆေးဘက်ဝင်အပင်များ နည်းပါးလာသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၆၆	၆၃	၄၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၇၆)စုအများဆုံးဖြစ်သည်။ အလွန်မပြေလည်သော အိမ်ထောင်စု အနေဖြင့်(၄၁)စုရှိကြောင်းတွေ့ရှိရဖြင့် ကျေးရွာသည် စီးပွားရေးအရအနည်းငယ်သာ အဆင်ပြေသောကျေးရွာ ဖြစ်ကြောင်းတွေ့ရပါသည်။ မြေယာပိုင်ဆိုင်မှုလည်းနည်းပါးပြီး ငွေကြေးအရင်းအနှီး မလုံလောက်မှုကြောင့် ပိုင်ဆိုင်သည့်မြေယာအားလုံးစိုက်ပျိုးနိုင်မှုမရှိခြင်းကြောင့် အဆင်မပြေသော အိမ်ထောင်စု များပြားကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက် များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၂၅	၆	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လ ကြားဝမ်းစာဖူ လုံမှု			အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____✓ လုပ်အားခကြိုယူ = _____✓_____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင်ရှိသော အဆင်မပြေသည့်အိမ်ထောင်စုများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ မြေယာအနည်းငယ်ရှိသော်လည်း စိုက်ပျိုးရေးစရိတ် မတတ်နိုင်ခြင်းတို့ကြောင့် ပို၍အဆင်မပြေဖြစ်ကြပြီး လုပ်အားခကြိုယူခြင်း၊ ငွေချေးယူခြင်း နည်းလမ်းများဖြင့် ဝမ်းစာကိုပြေလည် အောင်ဖြေရှင်းနေရသည်ကို တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁	၁	
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ် ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၅		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေ သည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် (၂)ဦးရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု(၃)စုနှင့် ဆင်းရဲ၍မိသားစု ဦးရေများသည့်မုဆိုးဖို/မ၊တစ်ခုလပ် အိမ်ထောင်စု(၁၅)စု ရှိကြောင်းတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	☑					
၂	လျှပ်တပြတ်ရေကြီးခြင်း	☑					
၃	မုန်တိုင်းဒီရေ	☑					
၄	ဆူနာမီ	☑					
၅	တိုင်ဖုန်းမုန်တိုင်း	☑					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၆	လေဆင်နှာမောင်း	☑					
၇	ငလျင်	☑					
၈	အပူလှိုင်း	☑					
၉	စိုက်ပျိုးမြေများတွင်ရေငုတ်ရေဝင်မှု	☑					
၁၀	အအေးလှိုင်း		✓		✓		
၁၁	မိုးသီးကြွေကျမှု	✓					
၁၂	မိုးခေါင်ခြင်း	☑					
၁၃	တောမီးလောင်ခြင်း			✓	✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	☑					
၁၅	ကမ်းရိုးတန်းတိုက်စားမှု	☑					
၁၆	မြေပြိုခြင်း	☑					
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓		✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ		☑			☑	
၂၂	တီဘီရောဂါ	☑					
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☑					
၂၄	ကပ်ရောဂါ	☑					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၅	ပြည်တွင်းပဋိပက္ခ	☑					
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					
၂၇	လူကုန်ကူးခြင်း	☑					
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		☑			☑	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။ မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု လတ်၊
အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။လုံပေါ်းကျေးရွာတွင် အိမ်ထောင်စု(၁၇၅)စုရှိသည့် အနက်ဆင်းရဲသော အိမ်ထောင်စုများမှာ ဆင်းရဲနွမ်းပါးမှု၊စားနပ်ရိက္ခာမလုံလောက်မှုနှင့် လက်ရှိ ဖြစ်ပွားနေသည့် ကူးစက်ရောဂါနှင့်မြင့်တက်နေသော ကုန်ဈေးနှုန်းကြောင့် ထိခိုက်သက်ရောက်မှု ရှိသည့် အိမ်ထောင်စု အတော်များသည်ကို တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	☑					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑					
၆	မတော်တဆမှုဖြစ်နိုင်ချေများေသာနေရာတွင်နေထိုင်သူများ	☑					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	☑					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ			☑		☑	
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	☑					
၁၁	လူနည်းစုလူမျိုးများ	☑					
၁၂	ဒေသတွင်းပဋိပက္ခရှိရာတွင်ေထိုင်သူများ	☑					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	☑					
၁၄	ရွှေတွင်းလုပ်သားများ	☑					
၁၅	လှည့်လည်သွားလာ၍စျေးရောင်း	☑					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	သူများ						
၁၆	နေရပ်ပြန်အခြေချသူများ	☑					
၁၇	ရွှေ့ပြောင်းလုပ်သားများ		☑		☑		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	☑					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် လူငယ်၊ဆင်းရဲသည့်အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှု ထိခိုက်သက်ရောက်သည့် အခြေအနေမြင့်မားသည်ကိုတွေ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ နှောင့်နှေးခြင်းကြောင့် ဝင်ငွေမရှိခြင်းနှင့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများသည် အလုပ်အကိုင်များ အဆင်မပြေဖြစ်ပြီး သီးနှံဈေးကွက်မရှိမှုကြောင့် ဝင်ငွေမရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံး တစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံး တစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁		၁□၂☑၃☑	၅		၅	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၂		၁□၂☑၃□	၂			ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၃		၁□၂□၃□	၃၀	၂၀	၅၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၄		၁□၂□၃□	၅	၅	၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□၂□၃□	၅		၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင်အဖွဲ့အစည်း(၄)ဖွဲ့ရှိပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့် ရှိပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့သည် ကျေးရွာ၏သာရေး/နာရေးကိစ္စရပ်များတွင် ပါဝင်ကူညီ ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊လူမှုရေးနှင့် ကျေးရွာရှိဖြစ်သမျှ ကိစ္စရပ်များအားဦးဆောင်ဖြေရှင်းကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအဖွဲ့အစည်းများမှ လာရောက်ကူညီခြင်းမျိုးမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆၁	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈၄		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၁		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၆၉	၆	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်(၁၂.၅)ဧကအထက်လုပ်ကိုင်သောအိမ်ထောင်စုမရှိဘဲ (၂.၅ဧက) အောက် ဆင်းရဲသားတောင်သူ(၆၄)ဦး၊ (၂.၅ဧကမှ၅ဧက)ကြား တောင်သူငယ် (၈၄)စု၊ (၅ဧကမှ၁၂.၅ဧက)ကြား(၁၁)ဦးနှင့် မြေယာမဲ့(၁၆)စု ရှိသည်ကိုတွေ့ရှိရပြီး ကျေးရွာသည် တောင်သူငယ်နှင့်ဆင်းရဲသားတောင်သူ များပြားသောကျေးရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	✓	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□	ရှိ□မရှိ□မဖြေဆို	လျော့□တိုး□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်□ မဖြေဆိုပါ□	ပါ□	အပြောင်းအလဲမရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် စိမ့်စမ်းရေအားသွယ်ယူသုံးစွဲလျက်ရှိပြီး ကာလကြာမြင့်ပြီ ဖြစ်သဖြင့် ရေပိုက်များဟောင်းနွမ်းပျက်စီးလျက်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
ကော်ဖီ		ပိဿာ				Jun	Nov	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
သနပ်ဖက်		တင်း				Jun	Oct	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□□
ကော်ဖီ		ပေပါ				Feb	Jan	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
ထောပတ်		လုံး				May	Jan	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
						May	March	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် ထောပတ်၊ကော်ဖီနှင့်သနပ်ဖက်ကို အဓိကစိုက်ပျိုးကြပြီး အထွက်နှုန်းမှာအသင့်အတင့် ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၄			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လုံဟေးကျေးရွာတွင် စက်ကိရိယာများသုံးစွဲရန်အတွက် ကုန်ထုတ်လမ်းမှာ ကျဉ်းမြောင်းသဖြင့် လူလုပ်အားဖြင့်သာ ကိုယ်တိုင်စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာ ရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း☑သင့်တင့်မျှတ□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်☑မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာ ရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်□ မထိခိုက်ပါ ☑ မဖြေဆိုပါ□**

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

